#တညင်းပင်စိုက်ပျိုးနည်း

မြန်မာအမည်-တညင်း

အင်္ဂလိပ်အမည်-Djenkol Bean

ရုက္ခဗေဒအမည်-Pithe cellobium labatum

မျိုးရင်းအမည်-Mimosaceae

#တညင်းမျိုးများ

အသီးအရွယ်အစားကိုလိုက်၍

၁။တညင်းကြီး

၂။စာကလေးတညင်းဟူ၍လည်းကောင်း

ဒေသကိုလိုက်၍

၁။မြေပြန့်တညင်း

(မြောင်းမြတညင်း၊ပေါင်တညင်း)

၂။တောင်ပေါ်တညင်း

(ကျေးတောင်တညင်း၊မြစ်ကြီးနား၊နောင်ချိုတညင်း)

ဟူ၍လည်းကောင်းခွဲခြားထားသည်။

#စိုက်ပျိုးသည့်ဒေသများ

ကချင်ပြည်နယ်၊မွန်ပြည်နယ်၊ကယားပြည်နယ်၊

တနင်္သာရီတိုင်း၊ဧရာဝတီတိုင်း၊ရှမ်းပြည်နယ်(နောင်ချို)

မန္တလေးတိုင်း(ပြင်ဦးလွင်)တို့တွင်စိုက်ပျိုးသည်။

#ရေမြေရာသီဥတု

အောက်ခံဂဝံမြေနှင့်သဲနုန်းမြေတို့သည်
တညင်းပင်အတွက်အသင့်တော်ဆုံးဖြစ်သည်။
ပူအိုက်စွတ်စိုသောရာသီဥတုနှင့်
အပူအအေးကွာခြားမှုရှိသောရာသီဥတုကို
နှစ်သက်သည်။
မိုးရေချိန်(၁၀၀-၂၀၀)လက်မအတွင်း
စိုက်ပျိုးဖြစ်ထွန်းသည်။

#မြေပြုပြင်ခြင်း

မြေကိုအထူးထွန်ယက်ရန်မလိုအပ်ပေ။
စိုက်ကျင်းကို(၄)ပေပတ်လည်(သို့မဟုတ်)
(၅)ပေပတ်လည်တူးကာကျင်းထဲသို့
အပေါ်ယံမြေ၊သဲ၊နွားချေးနှင့်သဘာဝမြေသြဇာတို့ကို
ဆတူရောစပ်ဖို့ပေးရပါမည်။

#ပျိုးထောင်နည်း

တညင်းသီးအရင့်များကို
အရိပ်အောက်တွင်
တစ်လခန့်ဖြန့်ခင်းထားပြီး

သဲနှင့်နွားချေး-(၃:၁)ရောထားသောပျိုးဘောင်ကို
ရေဝအောင်လောင်းပြီး
တည်င်းသီးများကိုစီရီချထားခြင်းဖြင့်
အစို့ထွက်လာပါသည်။
အစို့ထွက်သည်အထ
ိရေဝအောင်လောင်းပေးရပါမည်။
အချို့ကရေစပ်စပ်စိမ်ပြီးတည်င်းဝက်ဖြစ်မှ
ဘောင်ချစိုက်လေ့ရှိကြသည်။

#စိုက်ပျိုးနည်း

တည်င်းပင်သည်အထနေးသောကြောင့်
(၄-၅)နှစ်စောင့်ရခြင်း၊ရွက်အုပ်ထူလွန်းသဖြင့်
အပင်ကြီးလာပါကကြားသီးနှံစိုက်ရန်ခက်သဖြင့်
သီးညှပ်ဖြစ်စေ၊အရိပ်ပင်အဖြစ်ဖြစ်စေစိုက်လေ့ရှိပါသည်။
သီးသန့်စိုက်ရမည်ဆိုပါက(၃၀×၃၀)ပေထားပြီး
နှစ်တိုပင်များဖြင့်ရောစိုက်က
တစ်ဧကငှရပင်ထားသင့်ပါသည်။

#ဓာတ်မြေသြဇာကျွေးခြင်း
သဘာဝမြေသြဇာကိုအနှစ်သက်ဆုံးဖြစ်ကာ
အပင်ငယ်လျှင်သစ်ရွက်ဆွေးနှင့်နွားချေး
တစ်ပင်လျှင်(၂)တင်းနှုန်း၊
အခြားသဘာဝဓာတ်မြေသြဇာတင်းဝက်ခန့်

ထပ်ထည့်ပေးသင့်သည်။

အပင်ကြီးလာသည်နှင့်မြေသြဇာကို

(၅-၁၀)ဆခန့်အထိတိုးပေးသင့်ပါသည်။

#အပင်ပြုစုနည်း

တည င်းပင်၏ကိုင်းခြောက်၊ကိုင်းနား၊ကိုင်းညှပ်များကို

ဖြတ်ပေးသင့်သော်လည်း

သရက်ပင်ကဲ့သို့ကိုင်းဖျားတွင်

အညွန့်နှင့်အတူအဖူးဖူးကာသီးလေ့ရှိသဖြင့်

မလိုအပ်ဘဲခုတ်ထွင်

ဖြတ်တောက်ခြင်းမပြုသင့်ပါ။

မိုးရာသီတွင်ပင်ခြေကိုရှင်းကာ

နွေရာသီတွင်အစိုဓာတ်ရရန်မြက်ခြောက်များ

အုပ်ပေးသင့်ပါသည်။

#အထွက်နှုန်း

တည င်းသီးအပင်မှတစ်ပင်လျှင်

အသီး( ၃၀၀၀ မှ ၅၀၀၀ )အထိသီးနိုင်ပါသည်။

#Source:သစ်သီးဝလံစိုက်ပျိုးနည်း